**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၈/၂၀၁၅)

| | |
|---|---|
| ဦးမြင့်ဝေ(ပိုင်ရှင်)<br>ဝမင်းအထည်ချုပ်စက်ရုံ၊<br>အမှတ်(၁၁၆)၊ သမိုင်းလမ်းဆုံ၊<br>မရမ်းကုန်းမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| မအိန္ဒြာစိုးမြင့်(Leader)<br>အမှတ်(၃၄)၊ စက်ရုံလမ်း၊<br>အင်းစိန်မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံ၊အမှတ်(၁၁၆)ရှိဝမင်းအထည်ချုပ်စက်ရုံပိုင်ရှင် ဦးမြင့်ဝေနှင့် အလုပ်သမား မအိန္ဒြာစိုးမြင့်(Leader)တို့ဖြစ်ပွားသောအငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၂၀/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုပါရန် သို့မဟုတ် အလုပ်ထုတ်နစ်နာကြေးပေးပါရန် တောင်းဆိုခြင်းမှဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူခြင်းခံရသူမှ အောက်ပါကောက်ချက်အပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားလာခြင်းဖြစ်သည် -

| | |
|---|---|
| ကောက်ချက်အမှတ်(၁)။ | အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုပါရန် သို့တည်းမဟုတ် အလုပ်ထုတ်နစ်နာကြေးပေးပါရန်။ |
| ဆုံးဖြတ်ချက်အမှတ်(၁)။ | မအိနန္ဒာစိုးမြင့်အား အလုပ်ထုတ်မှုအတွက် အလုပ်ရှင်သည် အလုပ်ထုတ်နစ်နာကြေး(နို့တစ်ကြေးတစ်လစာနှင့် လုပ်သက် ၂နှစ်အောက်အတွက် ၂ လစာ၊ စုစုပေါင်း ၃ လစာ)ကို လုပ်ခ ၁၂၅၀၀၀ိ/- နှုန်းဖြင့် သင့်ငွေ ၃၇၅၀၀၀ိ/- နှင့် ချုပ်ဆိုခဲ့သည့်သဘောတူစာချုပ်အပိုဒ်(ဆ)ပါ Onduty (၁၆)ရက်အတွက်သင့်ငွေ ၇၁၄၂၈°/-. ၅၇ါး ၊ စုစုပေါင်း ၄၄၆၄၂၈°/-. ၅၇ါးအား ပေးစေရန်ဆုံးဖြတ်သည်။ |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၂၁/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဝမင်းအထည်ချုပ်စက်ရုံပိုင်ရှင် ဦးမြင့်ဝေမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၂၈/၂၀၁၅)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

| | |
|---|---|
| ကောက်ချက်အမှတ်(၁)။ | အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုပါရန် သို့တည်းမဟုတ် အလုပ်ထုတ်နစ်နာကြေးပေးပါရန်။ |
| သုံးသပ်ချက်အမှတ်(၁)။ | အလုပ် ၃ ရက်ပျက်ကွက်မှုဖြင့် အလုပ်သမား မအိနန္ဒာစိုးမြင့်အား အလုပ်မှထုတ်ပယ်ခြင်းကို အငြင်းပွားခြင်းမရှိပါ။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် စတင်တိုင်ကြားစဉ်က အချက်(၇)ချက်ဖြစ်သော်လည်း သဘောတူညီချက်စာချုပ်ချုပ်ဆိုရာတွင် အချက်(၅)ချက်ကိုသာ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ကျန်အချက်များနှင့် စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့သို့ ဆက်လက်တင်ပြရန် သဘောတူညီခဲ့ကြပါသည်။ |

၂၅-၅-၁၅ ၂၂/၅/၂၀၁၅

ခုံအဖွဲ့မှ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်ရန် ပြန်လည်ပေးပို့ခဲ့ပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လိုအပ်သလိုဆက်လက်ဆောင်ရွက်ရာ ၂၉-၄-၂၀၁၅ ရက်နေ့တွင် အမှုပြီးစီးကြောင်း၊ အလုပ်ရှင်ဘက်မှ တင်ပြချက်အရ သိရှိရသည်။ သို့ဖြစ်ပါ၍ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းနေစဉ်အတွင်း အလုပ်ထုတ်သည့်အနေအထားသို့ရောက်ရှိသွားပါသည်။ မအိနန္ဒာစိုးမြင့်ကလည်း အလုပ်ပြန်လည်လုပ်ကိုင်လိုခြင်းမရှိကြောင်းထွက်ဆိုထားပါသည်။ ထို့ပြင် အလုပ်သမား၏ ထွက်ဆိုချက်အရ ယင်း၏လုပ်ခလစာမှာ ကျပ် ၁၂၅၀၀၀/-ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၁) အားအတည်ပြုပါသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| (signature) ၁၂/၅/၂၀၁၅ | (signature) ၁၂-၅-၁၅ | (signature) |
| ဦးမောင်မောင်ဝင်း | ဦးအောင်သန်း | ဦးဇော်ညွန့် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |